အလုပ်ရှာဖွေရေး ၅

# အလုပ်ထွက်ခြင်း

မာတိကာ

လွှမ်းခြုံသုံးသပ်ခြင်း
ထွက်ရသည့်အကြောင်းပြချက်များ
အသိပေးအကြောင်းကြားခြင်း/အလုပ်လေးစားမှုကျင့်ဝတ်



FUTURES THROUGH TRAINING

UTAH FARMWORKER PROGRAM

# အလုပ်ထွက်ရာတွင် - လွှမ်းခြုံသုံးသပ်ခြင်း



သင်မည်သို့အချိန်မျိုး၌ အလုပ်ထွက်သည်နှင့် မည်ကဲ့သို့ထွက်သည်ဆိုခြင်းတို့က သင်အလုပ်ပြန်လုပ်လိုသောအခါ ခန့်အပ်နိုင်မှုအခြေအနေနှင့် အခြားသောကုမ္ပဏီတစ်ခုခုက လက်ခံရန်ဆန္ဒရှိမှုအတိုင်းအတာတို့ကို အကျိုးသက်ရောက်မှုရှိနိုင်သည်။ အလုပ်ရှင်အချင်းချင်း ဆက်သွယ်သတင်းဖလှယ်မှုများရှိသဖြင့် အကယ်၍ သင်ထွက်လိုက်ခြင်းကြောင့် လုပ်ငန်း ကသောင်းကနင်း ဖြစ်ကျန်လျှင်ဖြစ်စေ၊ မကောင်းသောထွက်ခြင်းမျိုးဖြင့် ထွက်ရသည်ဖြစ်စေ

ဤသတင်းကပြန့်သွားပြီး အခြားသောအလုပ်ရှင်တို့က သင့်ကို အလုပ်ပေးရန်၊ ယုံကြည်စိတ်ချရန်၊ နားလည်မှုရှိစေရန်နှင့် လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပြုရန် အလားအလာ နည်းပါးသွားပေမည်။

သင် အလုပ်မှထွက်ခွင့်တောင်း၍ နုတ်ထွက်သည်ဖြစ်စေ၊ ထွက်သွားသည်ဖြစ်စေ အောက်ပါတို့ကို မပျက်မကွက်လိုက်နာပါ

၁။ အလုပ်ထွက်ရန် ခိုင်လုံသောအကြောင်းပြချက် တင်ပြပါ။
၂။ နို့တစ် ပေးပါ။
၃။ (ဆုံးခန်းတိုင်) အလုပ်သမားကောင်းပီသပါစေ။
၄။ ထွက်ချိန်စေ့သည်အထိ အလုပ်လုပ်ပါ။

**Employers talk to each other, so make sure you leave your employer happy when you quit.**

# အလုပ်ထွက်ခြင်း - အလုပ်ထွက်ရသည့်အကြောင်းပြချက်များ




အမေရိကန်ပြည်ထောင်စု၌ အလုပ်ရှင်များက ပိုက်ဆံရနိုင်ရန် စီးပွားရေးလုပ်ငန်းများ တည်ထောင်ထားကြခြင်း ဖြစ်သည်။ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ဆက်လက်ရပ်တည်သွားနိုင်ရန် ယုံကြည်အားကိုးရသည့် အလုပ်သမားကောင်းများလိုသည်။

သင်အလုပ်ထွက်သည့်အခါ ခိုင်လုံသောအကြောင်းပြချက် ရှိဖို့လိုသည် သို့မဟုတ်က သင့်အထက်လူကြီးက ယုံကြည်အားထားရသူမဟုတ်ဟု မှတ်ယူပြီး နောင်တစ်ချိန် ပြန်ခန့်ရန်ဝေးစွ သင်တစ်ခြားတစ်နေရာအတွက် အလုပ်လျှောက်သည့်အခါ ထောက်ခံချက်ကောင်းကောင်း ပေးမည်မဟုတ်ပေ။

အလုပ်ထွက်ရခြင်းအတွက် လက်ခံနိုင်သော အကြောင်းပြချက်များ

- သင်အခြားအလုပ်ကိုဖြစ်စေ၊ ပို၍ကောင်းသောအလုပ်ကို ဖြစ်စေရသဖြင့်။
- သင်လက်ရှိနေရပ်မှ ပြောင်းရွှေ့ရမည်။
- မိသားစုအတွင်း အဓိကအရေးပေါ်ကိစ္စ သေခြင်း၊ အသက်စိုးရိမ်ရဖွယ် အခြေအနေရှိ၍ စသည်ပါဝင်။ (များသောအားဖြင့် သင့်ကုမ္ပဏီကခွင့်ပြုသည့် "တာဝန်မှပျက်ကွက်ခွင့်" တောင်းပြီး အရေးပေါ်ကိစ္စကို ဆောင်ရွက်နိုင်သည်။ အကယ်၍ သင်သည် ကုမ္ပဏီတစ်ခုတွင် လုပ်သက်တစ်နှစ်ကျော်ပါက အက်ဖ်အမ်အယ်လ်အေအရ လစာမဲ့ ၁၂ ပတ်အထိ ခွင့်ယူနိုင်ပေလိမ့်မည်)
- သင်မစွမ်းမသန် ဒုက္ခိတဖြစ်၍

အလုပ်ထွက်ရခြင်းအတွက် လက်မခံနိုင်သော အကြောင်းပြချက်များ

- သင် အခြားအလုပ်တစ်ခုရှာလိုသည်။ (သို့သော် မရသေး)
- မိသားစုထံ အလည်ထွက်မည်။
- မိသားစုဝင်တစ်ဦး မီးဖွားခြင်း၊ အသက်အန္တရာယ်မရှိသည့်ရောဂါရခြင်း၊ ဆေးရုံတက်ရောက်ကုသမှုခံရ ခြင်း၊ မင်္ဂလာဆောင်ခြင်း၊ အားလပ်ရက် ခရီးထွက်လည်ခြင်း စသော မိသားစုအတွင်း အသေးအဖွဲ အရေးပေါ်ကိစ္စများ။

# အလုပ်ထွက်ခြင်း - အသိပေးအကြောင်းကြားခြင်း/အလုပ်လေးစားမှုကျင့်ဝတ်

သင်အလုပ်ထွက်သောအခါ အလုပ်ရှင်က သင့်နေရာတွင် အစားထိုးရန် စီစဉ်ရသည်။ လူစားခန့်ရန် အချိန်ပေးရသည်။ ပုံမှန်အားဖြင့် အနည်းဆုံး နှစ်ပတ်ကြိုတင် အသိပေးရသည်။

လူစားရှာရန် ပိုမိုခက်သည့်အလုပ်မျိုး အတွက် တစ်လကြိုတင်အသိပေးရသော ထုံးစံရှိသည်။

သင့်အလုပ်ရှင်က အချိန်ဘယ်မျှလောက်လိုမည်ကို မသေချာလျှင် မေးကြည့်ပါ။ ရိုးသားပွင့်လင်းခြင်းမှာ အကောင်းဆုံးဖြစ်သည်။

အလုပ်ရှင်အချို့က နုတ်ထွက်ခွင့်ကို စာဖြင့်တင်စေလိုသဖြင့် သင့်အလုပ်ရှင်၏သဘောကို သေသေချာချာမသိလျှင် အောက်ပါအချက်များပါသည့် တရားဝင်စာဖြင့်တောင်းပါ။

- နုတ်ထွက်လိုသည့်အကြောင်း၊
- အလုပ်တွင်ရှိနေမည့်နောက်ဆုံးနေ့၊
- အလုပ်ပေးခြင်း၊ အခွင့်အလမ်းများ စသည်အတွက် ကျေးဇူးတင်ကြောင်း၊
- ကိုယ်တိုင်ရေးထိုးသည့်လက်မှတ်။

အလုပ်လေးစားမှုကျင့်ဝတ်
အလုပ်ရှင်တော်တော်များများက ကြိုတင်နို့တစ်ပေးရပြီး အတိုင်းအတာတစ်ရပ်အထိ အလုပ်ဆက်လုပ်ပေးရသော သတ်မှတ်ချက်ကို စွန့်လွှတ်ကြသည်။ အကြောင်းမှာ အလုပ်မထွက်မီ ရက်သတ္တပတ်များအတွင်း အလုပ်ထွက်တော့မည့်သူများက အလုပ်မလုပ်ကြတော့၍ ဖြစ်သည်။ အလုပ်ရှင်များ ရင်ဆိုင်နေကြရသော ပြဿနာပင် ဖြစ်သည်။

အကယ်၍ သင့်အလုပ်ရှင်က သင် နှစ်ပတ်ကြိုတင် အသိပေးချက်ကို လက်ခံမည်ဆိုပါက -

- သင်တာဝန်ကျသည့် အလုပ်ဆိုင်းဝင်ချိန်တိုင်း အချိန်မီဝင်ပေးရန်၊
- သတ်မှတ်အလုပ်ဆိုင်းအပြည့် နေ့စဉ်အလုပ်ဆင်းပေးရန်၊
- နေ့စဉ် တစ်နေ့စာအလုပ်ကို ကောင်းကောင်းလုပ်ပေးပါ၊
- လုပ်နိုင်သည်ဆိုသော စိတ်သဘောထားပြပါ။

ရှောင်ရန်

- ခဏတစ်ဖြုတ်သွားရန် ခွင့်ပန်ခြင်း၊
- အလုပ်ဝင်ချိန်နောက်ကျခြင်း၊
- စောစောအလုပ်ဆင်းခြင်း၊
- လက်ကြောမတင်းခြင်း၊
- ကလန်ကဆန်လုပ်ခြင်း။

